ချေးငွေရယူမည့် လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များသို့ ထုတ်ချေးမည့် ချေးငွေဆိုင်ရာ အချက်အလက်များနှင့် ပြည့်စုံရမည့်စံနှုန်းများ

၁။ **ချေးငွေကာလနှင့်အတိုးနှုန်း**

(က) ချေးငွေကာလ (၁) နှစ်၊

(ခ) တစ်နှစ်လျှင်အတိုးနှုန်း ၂% (ဝန်ဆောင်ခအပါအဝင်)၊

(ဂ) ဆိုင်းငံ့ကာလ (၃) လ၊ ကျန် (၉) လတွင် (၃) လတစ်ကြိမ် အရင်း၊ အတိုး ပေးဆပ်ရန်။

၂။ **ချေးငွေရယူမည့် လက်ဖက်ရည်ဆိုင်/စားသောက်ဆိုင်ငယ်များ ပြည့်စုံရမည့်စံနှုန်းများ**

(က) COVID-19 ကပ်ရောဂါကြောင့် လုပ်ငန်းယာယီပိတ်သိမ်း ခဲ့ရသဖြင့် ထိခိုက်မှုရှိသော လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များ ဖြစ်ရမည်။

(ခ) ဆိုင်ကို ကိုယ်ပိုင်မြေ/ အဆောက်အဦပေါ်တွင်ဖြစ်စေ၊ တရားဝင် ငှားရမ်း၍ ဖြစ်စေ အခြေတကျ ဖွင့်လှစ်ထားသည့် အထောက်အထား တင်ပြရမည်။

(ဂ) ဆိုင်ဖွင့်လှစ်မှုသက်တမ်း (၁) နှစ်နှင့်အထက်ရှိရမည်။

(ဃ) သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေး အဖွဲ့များ၏ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိပြီးဖြစ်ရမည်။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် မရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူး၏ ဆိုင်ဖွင့်လှစ်ထားကြောင်း ထောက်ခံချက် တင်ပြရမည်။

(င) ချေးငွေရယူရာတွင် လိုအပ်သည့် ပိုင်ဆိုင်မှုအထောက်အထား စာရွက် စာတမ်း သို့မဟုတ် အနည်းဆုံး လူပုဂ္ဂိုလ်အာမခံ (၂) ဦး တင်ပြရမည်။

(စ) ချေးငွေကို ဆိုင်ပြန်လည်ဖွင့်လှစ်နိုင်ရေးကိစ္စအတွက်သာ အသုံးပြုရမည်။

(ဆ) ရယူထားသည့်ချေးငွေကို တစ်နှစ်အတွင်း ပြန်လည်ပေးဆပ်နိုင်ရမည်။

(ဇ) အလုပ်သမားဦးရေ (၅) ဦးနှင့်အထက်ရှိသော ဆိုင်ကို ဦးစားပေးမည်။ သို့ရာတွင် အလုပ်သမားဦးရေ (၅) ဦးအောက်ရှိသော ဆိုင်များလည်း ချေးငွေရယူနိုင်သည်။

(ဈ) ရင်းနှီးမတည်ငွေ ကျပ်သိန်း (၁၅၀) အောက်တွင် လုပ်ငန်းလည်ပတ်နေသော ဆိုင်များသာ ချေးငွေလျှောက်ထားရန် အကျုံးဝင်သည်။